# Highlights from DVB Debate's Returning Migrants Show

# November 19, 2016

# "Are returning Migrants Welcome?"

"အလုပ်အကိုင် အခွင့်အလမ်းတွေ ဒီထက်ပိုများအောင် ရင်းနှီးမြှုပ်နှံမှုလုပ်ချင်တဲ့သူတွေ လာလုပ်နိုင်အောင် အလုပ်သမား ဥပဒေကို ပြောင်းလဲတာတွေ လုပ်နေတယ်။ လက်ရှိမှာတော့ ဌာနအနေနဲ့ အလုပ်လိုနေသူတွေရဲ့ ၃၀ ရာခိုင်နှုန်းလောက်ကိုပဲ အလုပ်ပေးနိုင်ပါသေးတယ်။ အလုပ်ရှင်တွေအနေနဲ့လည်း ဝန်ကြီးဌာနနဲ့ ချိတ်ဆက်ထိတွေ့မှုလည်း နည်းပါသေးတယ်"

ဦးအောင်ဝေဖြင်း - ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

---

"ရွှေ့ပြောင်းလုပ်သားတွေ ပြည်တွင်းပြန်လာဖို့ဆိုတာမှာ ပြန်လာနိုင်တဲ့ အခင်းအကျင်းဖြစ်နေပြီလား၊ စီမံချက်တွေနဲ့  လုပ်နေပြီလား ဆိုတဲ့ အခင်းအကျင်းကလည်း ရှိသေးတယ်"

ဦးစိန်ဌေး - ဥက္ကဋ္ဌ၊ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက်

---

"အရင်က ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ကြတာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဘက်ကလူတွေ ထွက်သွားကြတာများတယ်. အခုဆို  ထွက်သွားသူတွေထဲမှာ  မြန်မာပြည်အလယ်ပိုင်းထိ ပါပါလာတယ်။ တဖက်နိုင်ငံရဲ့ ထွက်ခွာအောင် ဆွဲဆောင်မှုကိုတော့ ဘာမှမတတ်နိုင်ဘူး ဒါပေမယ့် တဖက်မှာလည်း ထွက်သွားစေအောင် တွန်းထုတ်တဲ့အချက်တွေရှိတယ် ဒါကိုတော့ လျှော့ချဖို့ လိုတာပေါ့"

ဦးအောင်သူငြိမ်း - နိုင်ငံရေးလေ့လာသုံးသပ်သူ

---

"မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ဘက်က ထွက်သွားတဲ့ လုပ်သားတွေကျတော့ လုပ်ခလစာက ဒီလောက်မဟုတ်ဘူး. သူတို့ပိုင်တဲ့ ဥယျာဉ်ခြံမြေ လုပ်ငန်းဖြစ်အောင် ဘယ်လိုလုပ်ရမလဲ လုပ်ငန်းခွင်ဖန်တီးပေးမှုတွေ လုပ်ပေးနိုင်ရင် ပိုကောင်းမယ်"

ဦးစိန်ဌေး - ဥက္ကဋ္ဌ၊ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက်

---

"လုပ်အားခ ရငွေနဲ့ တက်နေတဲ့ ကုန်ဈေးနှုန်း ထိန်းပေးနိုင်မလား ဆိုတာ မေးချင်ပါတယ်။ ပြန်လာချင်ကြလား မေးရင် ပြည်ပရောက် အလုပ်သမားတွေ မျက်ရည်ကျရပါတယ်။ ပြန်လာဖို့ အဆင်သင့်ဖြစ်ရင် ပြန်လာချင်ကြသူတွေ ချည်းပဲ"

ဦးဇော်လွင်ဦး - ပရိသတ်

---

"မြဝတီကနေ တရက်ကို ရွှေ့ပြောင်းလုပ်သား ၆၀၀ ထက်မနည်း ထွက်နေကြတာ"

ကိုသားကြီး - ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများဆိုင်ရာ လူမှုကူညီရေး

---

"အနည်းဆုံးလုပ်ခလစာ သတ်မှတ်တာမှာ ဘာလို့ ၃ ပွင့်ဆိုင်ပဲ ပြီးသွားတာလဲ? ထိုင်းမှာဆို ကုန်ဈေးနှုန်းတွေဘာတွေပါ တွက်ချက်ပြီးတော့မှ ဖြစ်သင့်တဲ့ လုပ်ခလစာသတ်မှတ်ကြတယ်"

ကိုမျိုးကို - ရောင်ခြည်ဦးအလုပ်သမားအဖွဲ့

"၃၆၀၀ သတ်မှတ်တယ်ဆိုတာမှာ အရိုးရှင်းဆုံးနဲ့ အလွယ်ကူဆုံး သတ်မှတ်ကြတာပါ။ ၂ နှစ်တကြိမ် တိုးပါမယ်ဆိုတာတော့ ဥပဒေမှာ ပါပါတယ်"

ဦးအောင်ငွေးဝင်း - ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

---

"ဂုဏ်သိက္ခာရှိတဲ့၊ လုံခြုံတဲ့ ရွှေ့ပြောင်းအခြေချမှုဖြစ်ဖို့ လိုအပ်တယ်"

ဦးအောင်သူငြိမ်း - နိုင်ငံရေးလေ့လာသုံးသပ်သူ

---

"အခုဆွေးနွေးနေတာ တရားဝင်ရွှေ့ပြောင်းလုပ်သားတွေအကြောင်းများတယ် တရားမဝင်ရွှေ့ပြောင်းလုပ်သားတွေ အများကြီးပဲ သူတို့ပြန်လာရင် သူတို့အတွက်ရော ဘာများစဉ်းစားထားကြလဲ"

စိုင်းမြင့်ဆွေ - ဆာသူးလေအခြေခံပညာအထက်တန်းကျောင်းဆရာ

---